ပို့ဆောင်ရေးဝန်ကြီးဌာန
မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန
နေပြည်တော်

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (တတိယ)ဆယ်ရက်ပတ်အတွင်း မိုးလေဝသအခြေအနေအကျဉ်းချုပ်နှင့် ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ လပတ်နှင့် (ပထမ)ဆယ်ရက်ပတ်အတွက် မိုးလေဝသခန့်မှန်းချက်

စိုက်ပျိုးရေး
မိုးလေဝသ
ဌာနခွဲ



၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (တတိယ)ဆယ်ရက်ပတ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မိုးရေချိန်များပြပုံ (မီလီမီတာ)

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (တတိယ)ဆယ်ရက်ပတ်အတွင်း မိုးလေဝသအခြေအနေအကျဉ်းချုပ်နှင့် ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ လပတ်နှင့် (ပထမ)ဆယ်ရက်ပတ်အတွက် မိုးလေဝသခန့်မှန်းချက်

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (တတိယ)ဆယ်ရက်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေများပေါ် မူတည်၍ စိုက်ပျိုးရေးဆိုင်ရာမိုးလေဝသအချက်အလက်များ အကျဉ်းချုပ်ကို အောက်ပါအတိုင်းဆန်းစစ် ဖော်ပြအပ်ပါသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

၂၁-၁၀-၂၀၂၆ ရက်နေ့တွင် ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော တမီးလ်နာဒူးကမ်းလွန်ဒေသတို့တွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် ၂၂-၁၀-၂၀၂၆ ရက်နေ့တွင် ကိုမိုရင်းဧရိယာ(အိန္ဒိယနိုင်ငံတောင်ပိုင်းစွန်း-ကိုမိုရင်းအငူ)နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ (တမီးလ်နာဒူးတောင်ပိုင်းကမ်းခြေ)နှင့် ကာရာလမ်တို့သို့ ရောက်ရှိခဲ့ပြီးဖြစ်ပါသည်။ ၂၃-၁၀-၂၀၂၆ ရက်နေ့တွင် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် ၂၄-၁၀-၂၀၂၆ ရက်နေ့တွင် အားကောင်းသောလေဖိအားနည်းရပ်ဝန်းအဖြစ်သို့လည်းကောင်း၊ ၂၅-၁၀-၂၀၂၆ ရက်နေ့နံနက်ပိုင်းတွင် မုန်တိုင်းငယ်အဖြစ်သို့လည်းကောင်း ယင်းနေ့ညနေပိုင်းတွင် အားကောင်းသောမုန်တိုင်းငယ်အဖြစ်သို့လည်းကောင်း၊ ၂၆-၁၀-၂၀၂၆ ရက်နေ့နံနက်ပိုင်းတွင် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းသို့ ရောက်ရှိခဲ့ကာ ဆိုင်ကလုန်းမုန်တိုင်း "အာနာဘ်" အဖြစ်သို့လည်းကောင်း၊ ယင်းနေ့ညပိုင်းတွင် ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း၌ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "အာနာဘ်" အဖြစ်သို့လည်းကောင်း၊ ၂၇-၁၀-၂၀၂၆ ရက်နေ့နံနက်ပိုင်းတွင် အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "အာနာဘ်" အဖြစ်သို့လည်းကောင်း ရောက်ရှိခဲ့ပြီး ၂၈-၁၀-၂၀၂၆ ရက်နေ့နံနက်ပိုင်းတွင် အိန္ဒိယနိုင်ငံ၊ အင်ဒရာပရာဒေ့ရှ်နှင့် ရနမ်ကမ်းခြေတို့ကို ဘပတ်လမြို့နှင့် ဗီဆာကာပတ္တနမ်မြို့တို့အကြား၊ ရနမ်မြို့တောင်ဘက်အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးဖြစ်ပါသည်။ ၂၉-၁၀-၂၀၂၆ ရက်နေ့တွင် ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် ၃၀-၁၀-၂၀၂၆ ရက်နေ့ညနေပိုင်းတွင် ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော နီကိုဘာၤကျွန်းတို့တွင် လေဖိအားနည်းရပ်ဝန်းအဖြစ် ဆက်လက်တည်ရှိနေခဲ့ပြီး ၃၁-၁၀-၂၀၂၆ ရက်နေ့နံနက်ပိုင်းတွင် ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်း (နီကိုဘာၤကျွန်း)၌ အားကောင်းသော လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ ရောက်ရှိခဲ့ကာ ယင်းနေ့ညနေပိုင်းတွင် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်နှင့် နီကိုဘာၤကျွန်းတို့တွင် မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်ခဲ့ပါသည်။

မိုးရွာသွန်းမှုအခြေအနေ

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (တတိယ)ဆယ်ရက်ပတ်အတွင်း မိုးရွာသွန်းမှုအခြေအနေများမှာ- ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် အောက်တိုဘာလ (တတိယ)ဆယ်ရက်ပတ်၏ ပျမ်းမျှမိုးရေချိန် ခန့်သာရှိခဲ့ပြီး နေပြည်တော်နှင့် ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်းတို့တွင် အောက်တိုဘာလ (တတိယ)ဆယ်ရက်ပတ်၏ ပျမ်းမျှမိုးရေချိန်တို့ထက် ပိုခဲ့ကာ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်းနှင့်တောင်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊

ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် မြောက်ပိုင်း)တို့တွင် အောက်တိုဘာလ (တတိယ)ဆယ်ရက်ပတ်၏ ပျမ်းမျှမိုးရေချိန်တို့အောက် လျော့နည်းခဲ့ပါသည်။

မိုးရွာရက်များအနေဖြင့်- နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး(ကိုကိုးကျွန်းမြို့)၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ မကွေးတိုင်းဒေသကြီး(အောင်လံမြို့)၊ ဧရာဝတီတိုင်းဒေသကြီး(ဟသ်ာတမြို့)၊ တနင်္သာရီတိုင်းဒေသကြီး(ကော့သောင်းမြို့) နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် (၅)ရက်မှ (၆)ရက်၊ မန္တလေးတိုင်းဒေသကြီး(ရမည်းသင်းမြို့၊ပြင်ဦးလွင်မြို့၊မြင်းခြံမြို့)၊ ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် (၃)ရက်မှ (၄)ရက်နှင့် ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း(သာယာဝတီမြို့)၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း(ရွှေကျင်မြို့)၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း(မိုင်းယန်းမြို့၊ မိုင်းဖြတ်မြို့)နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် (၁)ရက်မှ (၂)ရက် မိုးထစ်ချုန်း ရွာသွန်းခဲ့ပါသည်။

အမြင့်ဆုံးအပူချိန်အခြေအနေ

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (တတိယ)ဆယ်ရက်ပတ်အတွင်း ***(နေ့အပူချိန်)*** အခြေအနေများမှာ- ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် အောက်တိုဘာလ (တတိယ)ဆယ်ရက်ပတ်၏ ပျမ်းမျှအမြင့်ဆုံးအပူချိန်တို့ထက် (၇)ဒီဂရီဖာရင်ဟိုက်စီ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် (၅)ဒီဂရီဖာရင်ဟိုက်မှ (၆)ဒီဂရီဖာရင်ဟိုက်အထိနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် (၃)ဒီဂရီဖာရင်ဟိုက်မှ (၄)ဒီဂရီဖာရင်ဟိုက်အထိ ပိုခဲ့ပါသည်။

အနိမ့်ဆုံးအပူချိန်အခြေအနေ

၂၀၂၆ခုနှစ်၊ အောက်တိုဘာလ (တတိယ)ဆယ်ရက်ပတ်အတွင်း ***(ညအပူချိန်)*** အခြေအနေများမှာ– စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် အောက်တိုဘာလ (တတိယ)ဆယ်ရက်ပတ်၏ ပျမ်းမျှအနိမ့်ဆုံးအပူချိန်ခန့်သာရှိခဲ့ပြီး မကွေးတိုင်းဒေသကြီးတွင် အောက်တိုဘာလ (တတိယ)ဆယ်ရက်ပတ်၏ ပျမ်းမျှအနိမ့်ဆုံးအပူချိန်ထက် (၅)ဒီဂရီဖာရင်ဟိုက်၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် (၃)ဒီဂရီဖာရင်ဟိုက်မှ (၄)ဒီဂရီဖာရင်ဟိုက်အထိနှင့် ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)တို့တွင် (၁)ဒီဂရီဖာရင်ဟိုက်မှ (၂)ဒီဂရီဖာရင်ဟိုက်အထိ ပိုခဲ့ကာ ဧရာဝတီတိုင်းဒေသကြီးတွင် အောက်တိုဘာလ (တတိယ)ဆယ်ရက်ပတ်၏ ပျမ်းမျှအနိမ့်ဆုံးအပူချိန်အောက် (၃)ဒီဂရီဖာရင်ဟိုက်နှင့် ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် (၁)ဒီဂရီဖာရင်ဟိုက်စီ လျော့နည်းခဲ့ပါသည်။

လေထုအတွင်းရေငွေ့ပါဝင်မှုအခြေအနေ

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (တတိယ)ဆယ်ရက်ပတ်အတွင်း ***(လေထုစိုထိုင်းဆ)*** အခြေအနေများမှာ- ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် (၆၉%)မှ (၇၈%)အတွင်းနှင့် နေပြည်တော်၊

ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် (၇၉%)မှ (၈၉%)အတွင်း အသီးသီးရှိခဲ့ပါသည်။

ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေ

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (တတိယ)ဆယ်ရက်ပတ်အတွင်း ***(ပင်ငွေ့ရေငွေ့ပျံနှုန်း)*** အခြေအနေများမှာ- ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် (၂၂ မီလီမီတာ)မှ (၃၂ မီလီမီတာ)အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်းနှင့်တောင်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (၃၃ မီလီမီတာ)မှ (၄၃ မီလီမီတာ)အတွင်း အသီးသီးရှိခဲ့ပါသည်။

(ဖြစ်နိုင်ခြေပင်ငွေ့ရေငွေ့ပျံနှုန်းအား HARGREAVES METHOD *ဖြင့် တွက်ချက်ထားပါသည်။)*

မြေဆီလွှာအောင်းရေအခြေအနေ

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (တတိယ)ဆယ်ရက်ပတ်အတွင်း ***(မြေဆီလွှာစိုစွတ်မှု)*** အခြေအနေများမှာ- ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင်(ခြောက်သွေ့)အခြေအနေ၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်းနှင့်တောင်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် (စိုစွတ်)အခြေအနေနှင့် နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် (ပြည့်ဝ)အခြေအနေ အသီးသီးရှိခဲ့ပါသည်။

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ လပတ်အတွက် မိုးလေဝသခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း (၃)ကြိမ် ဖြစ်ပေါ်နိုင်ပြီး (၂)ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပါသည်။

မိုးအခြေအနေ

မိုးရွာသွန်းမှုအခြေအနေမှာ- ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီ တိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့်မိုးထစ်ချုန်းရွာနိုင်ပါသည်။

မိုးရွာရက်

မိုးရွာရက်အနေဖြင့်- ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယား ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ၇ ရက်မှ ၁၂ ရက်ခန့်

နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ၃ ရက်မှ ၆ ရက်ခန့် မိုးထစ်ချုန်း ရွာနိုင်ပါသည်။

နေ့အပူချိန်

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နိုဝင်ဘာလပျမ်းမျှအပူချိန်၏ ၁.၅ ဒီဂရီဆဲလ်စီးယပ်နှင့်အထက် (သို့မဟုတ်) ၃၅ ဒီဂရီဖာရင်ဟိုက်နှင့်အထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နိုဝင်ဘာလပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်ပါသည်။

ညအပူချိန်

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နိုဝင်ဘာလ ပျမ်းမျှအပူချိန်၏ ၁.၅ ဒီဂရီဆဲလ်စီးယပ်နှင့်အထက် (သို့မဟုတ်) ၃၅ ဒီဂရီဖာရင်ဟိုက်နှင့်အထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နိုဝင်ဘာလပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်ပါသည်။

မြူအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၁၆ ရက်မှ ၂၀ ရက်ခန့်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၁၁ ရက်မှ ၁၅ ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ၅ ရက်မှ ၁၀ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်ပါသည်။

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (ပထမ)ဆယ်ရက်ပတ်အတွက် မိုးလေဝသခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

အောက်တိုဘာလ တတိယ (၁၀)ရက်ပတ်အတွင်း ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်လျက်ရှိသော မုန်တိုင်းငယ်သည် နိုဝင်ဘာလ ပထမ (၁၀)ရက်ပတ်အတွင်း ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ပိုမိုအားကောင်းလာနိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း (၁)ကြိမ်ထပ်မံဖြစ်ပေါ်နိုင်ပါသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပါသည်။

မိုးအခြေအနေ

မိုးရွာသွန်းမှုအခြေအနေမှာ- ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

မိုးရွာရက်

မိုးရွာရက်အနေဖြင့်- ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၅ ရက်မှ ၈ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ၂ ရက်မှ ၄ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

နေ့အပူချိန်

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နိုဝင်ဘာလပျမ်းမျှအပူချိန်၏ ၁.၅ ဒီဂရီဆဲလ်စီးယပ်နှင့်အထက် (သို့မဟုတ်) ၃၅ ဒီဂရီဖာရင်ဟိုက်နှင့်အထက်ပိုနိုင်ပြီး ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် နိုဝင်ဘာလပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်ပါသည်။

ညအပူချိန်

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နိုဝင်ဘာလပျမ်းမျှအပူချိန်၏ ၁.၅ ဒီဂရီဆဲလ်စီးယပ်နှင့်အထက် (သို့မဟုတ်) ၃၅ဒီဂရီဖာရင်ဟိုက်နှင့်အထက်ပိုနိုင်ပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နိုဝင်ဘာလပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်ပါသည်။

မြူအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၄ ရက်မှ ၈ ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ၁ ရက်မှ ၃ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်ပါသည်။

စိုက်ပျိုးရေးမိုးလေဝသဌာနခွဲ

နောက်ဆက်တွဲ(က)

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (တတိယ)ဆယ်ရက်ပတ်အတွင်း မိုးရွာသွန်းမှု၊ အပူချိန်၊ စိုထိုင်းဆနှင့် ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေနှင့် ပျမ်းမျှမှကွာဟချက်

စဉ်	ပြည်နယ်/တိုင်းဒေသကြီး	မြို့	မိုးရေချိန် (မမ)	ပျမ်းမျှကွာဟချက် (%)	မိုးရွာရက်	အမြင့်ဆုံးအပူချိန် (ဒီဂရီဖာရင်ဟိုက်)		အနိမ့်ဆုံးအပူချိန် (ဒီဂရီဖာရင်ဟိုက်)		စိုထိုင်းဆ(%)		ပင်ငွေ့ ရေငွေ့ပျံနှုန်း(မမ)	
						အမှန်	ကွာဟချက်	အမှန်	ကွာဟချက်	အမှန်	ကွာဟချက်	အမှန်	ကွာဟချက်
၁။	ကချင်ပြည်နယ်	မြစ်ကြီးနား	၇	-၈၀	၁	၉၄	၆.၉	၆၇	-၀.၇	၇၂	-၁၀.၄	၄၁	၉.၆
၂။	ချင်းပြည်နယ်	ဟားခါး	၅၂	-၂	၃	၇၅	၅.၄	၅၃	၁.၀	၈၉	-၅.၅	၂၂	၅.၈
၃။	ရှမ်းပြည်နယ် (မြောက်)	လားရှိုး	၃၅	-၁၇	၂	၉၀	၆.၄	၆၇	၃.၂	၈၄	-၁.၆	၃၂	၂.၃
၄။	ရှမ်းပြည်နယ် (တောင်)	တောင်ကြီး	၅၅	-၅	၆	၈၀	၃.၂	၆၃	၂.၂	၆၉	-၈.၁	၃၂	၂.၄
၅။	ရှမ်းပြည်နယ် (အရှေ့)	ကျိုင်းတုံ	Trace	-၁၀၀	၀	၉၀	၇.၂	၆၅	၁.၆	၈၀	-၄.၃	၃၆	၅.၆
၆။	ကယားပြည်နယ်	လွိုင်ကော်	၆	-၈၇	၂	၈၈	၄.၅	၆၅	-၀.၈	၈၃	-၁.၃	၃၃	၂.၇
၇။	ကရင်ပြည်နယ်	ဘားအံ	၂၄	-၃၀	၃	၉၈	၃.၉	၇၅	၁.၀	၇၆	-၂.၈	၄၃	၁.၉
၈။	မွန်ပြည်နယ်	မော်လမြိုင်	၂	-၉၄	၁	၉၆	၄.၀	၇၆	၁.၅	၇၀	-၄.၀	၄၃	၂.၁
၉။	ရခိုင်ပြည်နယ်	စစ်တွေ	၅၅	-၂၃	၂	၉၂	၃.၅	၇၈	၄.၅	၈၃	-၂.၉	၂၉	-၀.၅
၁၀။	နေပြည်တော်	ရေဆင်း	၁၀၃	၁၂၃	၆	၉၅	၄.၃	၇၅	၃.၀	၈၁	-၁.၃	၃၆	-၀.၃
၁၁။	မန္တလေးတိုင်းဒေသကြီး	မန္တလေး	၃၃	-၁၁	၁	၉၇	၅.၆	၇၇	၃.၂	၇၆	-၄.၈	၃၈	၃.၅
၁၂။	စစ်ကိုင်းတိုင်းဒေသကြီး(အထက်)	ဟုမ္မလင်း	၁၃	-၆၅	၁	၉၄	၆.၇	၆၈	၀.၁	၈၂	-၅.၅	၃၆	၅.၇
၁၃။	စစ်ကိုင်းတိုင်းဒေသကြီး(အောက်)	မုံရွာ	၂၁	-၃၅	၂	၉၅	၅.၂	၇၆	၃.၂	၈၀	-၃.၃	၃၅	၂.၄
၁၄။	မကွေးတိုင်းဒေသကြီး	မကွေး	၂၁	-၄၇	၂	၉၆	၄.၇	၇၆	၄.၉	၇၇	-၄.၉	၃၈	၁.၃
၁၅။	ပဲခူးတိုင်းဒေသကြီး (တောင်)	ပဲခူး	Trace	-၁၀၀	၀	၉၈	၆.၈	၇၇	၃.၅	၈၃	-၀.၂	၃၇	၁.၉
၁၆။	ပဲခူးတိုင်းဒေသကြီး (အရှေ့)	တောင်ငူ	၁၂၅	၂၀၆	၆	၉၅	၄.၁	၇၄	၀.၉	၈၈	၄.၂	၃၁	-၂.၇
၁၇။	ပဲခူးတိုင်းဒေသကြီး (အနောက်)	ပြည်	၀	-၁၀၀	၀	၉၆	၃.၇	၇၆	၁.၃	၈၅	၃.၂	၃၃	-၂.၄
၁၈။	ရန်ကုန်တိုင်းဒေသကြီး	ရန်ကုန်	၁၃	-၇၈	၁	၉၅	၃.၆	၇၆	၃.၆	၇၁	-၁၀.၅	၄၂	၃.၈
၁၉။	ဧရာဝတီတိုင်းဒေသကြီး	ပုသိမ်	၁၂	-၇၇	၃	၉၅	၃.၈	၇၁.၆	-၂.၇	၇၈	-၅.၈	၄၁	၆.၅
၂၀။	တနင်္သာရီတိုင်းဒေသကြီး	ထားဝယ်	၁၀	-၈၁	၂	၉၈	၆.၅	၇၅	၃.၀	၇၉	-၁.၁	၄၂	၂.၆

"Trace "- မိုးရွာသော်လည်း တိုင်းထွာရေတွက်နိုင်သော မိုးရေချိန်ပမာဏမရှိပါ။

မိုးရေချိန်(-၂၀%)နှင့် (+၂၀%)အကြားရှိပါက ပျမ်းမျှခန့်ဟု သတ်မှတ်ပါသည်။

၂၄ နာရီအတွင်း ရွာသွန်းသော မိုးရေချိန် (၂ မီလီမီတာနှင့်အထက်) မိုးရွာရက်(၁)ရက်ဟုသတ်မှတ်ပါသည်။

နောက်ဆက်တွဲ(ခ)

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (တတိယ)ဆယ်ရက်ပတ်အတွင်း မြေဆီလွှာစိုစွတ်မှုအခြေအနေ

စဉ်	ပြည်နယ်/တိုင်းဒေသကြီး	မိုးရေချိန်	ဖြစ်နိုင်ခွင့်မြင့် ပင်ငွေ့ ရေငွေ့ ပျံနှုန်း	အမှန် ပင်ငွေ့ ရေငွေ့ ပျံနှုန်း	မြေဆီလွှာစိုစွတ်မှု အခြေအနေ(မမ)			မှတ်ချက်
		(မမ)	(မမ)	(မမ)	စုဆောင်း	ပိုရေ	လိုရေ	
၁။	ကချင်ပြည်နယ်	၇	၄၁	၄၁	၂၅	၀	၀	ခြောက်သွေ့
၂။	ချင်းပြည်နယ်	၅၂	၂၂	၂၂	၁၀၀	၂၈	၀	ပြည့်ဝ
၃။	ရှမ်းပြည်နယ်(မြောက်)	၃၅	၃၂	၃၂	၃	၀	၀	ခြောက်သွေ့
၄။	ရှမ်းပြည်နယ်(တောင်)	၅၅	၃၂	၃၂	၁၀၀	၂၃	၀	ပြည့်ဝ
၅။	ရှမ်းပြည်နယ်(အရှေ့)	Trace	၃၆	၃၄	၀	၀	၂	ခြောက်သွေ့
၆။	ကယားပြည်နယ်	၆	၃၃	၃၃	၇၃	၀	၀	စိုစွတ်
၇။	ကရင်ပြည်နယ်	၂၄	၄၃	၄၃	၆၀	၀	၀	စိုစွတ်
၈။	မွန်ပြည်နယ်	၂	၄၃	၄၃	၀	၀	၀	ခြောက်သွေ့
၉။	ရခိုင်ပြည်နယ်	၅၅	၂၉	၂၉	၈၄	၀	၀	ပြည့်ဝ
၁၀။	နေပြည်တော်	၁၀၃	၃၆	၃၆	၁၀၀	၅၂	၀	ပြည့်ဝ
၁၁။	မန္တလေးတိုင်းဒေသကြီး	၃၃	၃၈	၃၈	၃၈	၀	၀	စိုစွတ်
၁၂။	စစ်ကိုင်းတိုင်းဒေသကြီး(အထက်)	၁၃	၃၆	၃၆	၃၉	၀	၀	စိုစွတ်
၁၃။	စစ်ကိုင်းတိုင်းဒေသကြီး(အောက်)	၂၁	၃၅	၃၅	၅၃	၀	၀	စိုစွတ်
၁၄။	မကွေးတိုင်းဒေသကြီး	၂၁	၃၈	၃၈	၈၀	၀	၀	စိုစွတ်
၁၅၊	ပဲခူးတိုင်းဒေသကြီး(တောင်)	Trace	၃၇	၃၇	၆၃	၀	၀	စိုစွတ်
၁၆။	ပဲခူးတိုင်းဒေသကြီး(အရှေ့)	၁၂၅	၃၁	၃၁	၁၀၀	၈၉	၀	ပြည့်ဝ
၁၇။	ပဲခူးတိုင်းဒေသကြီး(အနောက်)	၀	၃၃	၃၃	၄၁	၀	၀	စိုစွတ်
၁၈။	ရန်ကုန်တိုင်းဒေသကြီး	၁၃	၄၂	၄၂	၇၁	၀	၀	စိုစွတ်
၁၉။	ဧရာဝတီတိုင်းဒေသကြီး	၁၂	၄၁	၄၁	၃၈	၀	၀	စိုစွတ်
၂၀။	တနင်္သာရီတိုင်းဒေသကြီး	၁၀	၄၂	၄၂	၆၈	၀	၀	စိုစွတ်

(ဖြစ်နိုင်ခွင့်မြင့် ပင်ငွေ့ရေငွေ့ပျံနှုန်းအား HARGREAVES METHOD ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။)

နောက်ဆက်တွဲ(ဂ)

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (ပထမ)ဆယ်ရက်ပတ်အတွက် စိုက်ပျိုးရေးဆိုင်ရာမိုးလေဝသ (ပျမ်းမျှ) အချက်အလက်ခန့်မှန်းချက်များ

စဉ်	ပြည်နယ်/တိုင်းဒေသကြီး	မြို့	အမြင့်ဆုံး အပူချိန်	အနိမ့်ဆုံး အပူချိန်	ပျမ်းမျှ အပူချိန်	စိုထိုင်းဆ	ပင်ငွေ့ ရေငွေ့ ပျံနှုန်း
			ဒီဂရီ ဖာရင်ဟိုက်	ဒီဂရီ ဖာရင်ဟိုက်	ဒီဂရီ ဖာရင်ဟိုက်	ပျမ်းမျှ (%)	(မမ/၁၀-ရက်)
၁။	ကချင်ပြည်နယ်	မြစ်ကြီးနား	၈၆	၆၄	၇၅	၈၁	၂၅
၂။	ချင်းပြည်နယ်	ဟားခါး	၆၈	၄၉	၅၉	၉၂	၁၄
၃။	ရှမ်းပြည်နယ်(မြောက်)	လားရှိုး	၈၃	၆၀	၇၁	၈၅	၂၄
၄။	ရှမ်းပြည်နယ်(တောင်)	တောင်ကြီး	၇၆	၅၈	၆၇	၇၄	၂၆
၅။	ရှမ်းပြည်နယ်(အရှေ့)	ကျိုင်းတုံ	၈၂	၅၉	၇၁	၈၃	၂၆
၆။	ကယားပြည်နယ်	လွိုင်ကော်	၈၂	၆၂	၇၂	၈၃	၂၅
၇။	ကရင်ပြည်နယ်	ဘားအံ	၉၄	၇၃	၈၃	၇၆	၃၆
၈။	မွန်ပြည်နယ်	မော်လမြိုင်	၉၂	၇၃	၈၂	၇၀	၃၆
၉။	ရခိုင်ပြည်နယ်	စစ်တွေ	၈၉	၇၁	၈၀	၈၅	၂၅
၁၀။	နေပြည်တော်	ရေဆင်း	၉၁	၇၀	၈၁	၈၁	၃၀
၁၁။	မန္တလေးတိုင်းဒေသကြီး	မန္တလေး	၉၀	၇၁	၈၁	၈၀	၂၈
၁၂။	စစ်ကိုင်းတိုင်းဒေသကြီး (အထက်)	ဟုမ္မလင်း	၈၆	၆၅	၇၆	၈၅	၂၅
၁၃။	စစ်ကိုင်းတိုင်းဒေသကြီး (အောက်)	မုံရွာ	၈၉	၇၀	၈၀	၈၁	၂၇
၁၄။	မကွေးတိုင်းဒေသကြီး	မကွေး	၉၀	၆၉	၇၉	၈၀	၃၀
၁၅။	ပဲခူးတိုင်းဒေသကြီး (တောင်)	ပဲခူး	၉၁	၇၂	၈၁	၈၂	၃၀
၁၆။	ပဲခူးတိုင်းဒေသကြီး (အရှေ့)	တောင်ငူ	၉၀	၇၁	၈၀	၈၂	၂၉
၁၇။	ပဲခူးတိုင်းဒေသကြီး (အနောက်)	ပြည်	၉၂	၇၃	၈၂	၇၉	၃၁
၁၈။	ရန်ကုန်တိုင်းဒေသကြီး	ရန်ကုန်	၉၂	၇၁	၈၂	၇၇	၃၄
၁၉။	ဧရာဝတီတိုင်းဒေသကြီး	ပုသိမ်	၉၁	၇၃	၈၂	၈၁	၃၀
၂၀။	တနင်္သာရီတိုင်းဒေသကြီး	ထားဝယ်	၉၂	၇၀	၈၁	၇၄	၃၈